# ကိုဗစ်-၁၉ကာကွယ်ဆေးထိုးခြင်း
# ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်

## အခန်း၆ -

## ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ ပြည်သူလူထုကိုဆက်သွယ်ပြောဆိုခြင်း

# ၆-၁။

# ရည်ရွယ်ချက်များ

ကိုဗစ်-၁၉ကာကွယ်ဆေးထိုးနှံရာတွင်

1. ကျန်းမာရေးဝန်ထမ်းများ၏ လူထုနှင့်ဆက်သွယ်ပြောဆိုသည့် အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို နားလည်ရန်
2. လူတစ်ဦးချင်းစီအလိုက် ထိရောက်သောဆက်သွယ်ပြောဆိုခြင်းနည်းလမ်းများကို လက်တွေ့သိရှိသင်ယူရန်
3. ရပ်ကွက်/ကျေးရွာရှိလူထုနှင့် ဆက်သွယ်ပြောဆိုခြင်းနည်းဗျူဟာကို ဓာတ်လမ်းဥပမာ(၃)မျိုးဖြင့် လေ့ကျင့်ရန်
4. ကာကွယ်ဆေးထိုးပြီးဖြစ်ပေါ်သော နောက်ဆက်တွဲကျန်းမာရေးပြဿနာများ(AEFI) အတွက် အရေးပေါ်အခြေအနေတွင် ဆက်သွယ်ပြောကြားရာတွင် ကာကွယ်ဆေးထိုးသူ၏ အခန်းကဏ္ဍကိုသိရှိရန်

# ၆-၂။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းတွင် ကျန်းမာရေးဝန်ထမ်းများ၏ အရေးကြီးသော အခန်းကဏ္ဍများ

၁။ ကျန်းမာရေးဝန်ထမ်းများသည် **ကိုဗစ်-၁၉ ကာကွယ်ဆေးကို စောစီးစွာလက်ခံရရှိသူများ** ဖြစ်သည်။

၂။ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပြည်သူလူထုအား ထိုးပေးရသည့်အခါ **ကာကွယ်ဆေးနှင့် စပ်လျဉ်းသည့် အဓိကသတင်းစကားများကို မျှဝေရှင်းပြရမည့်သူများ**လည်း ဖြစ်သည်။

၃။ **ကိုဗစ်-၁၉ကာကွယ်ဆေး ထိုးရန်အတွက် ထောက်ခံအားပေးသူများ** အဖြစ်လည်း ဆောင်ရွက်မည်။

၄။ ကာကွယ်ဆေးထိုးပြီး ဖြစ်ပေါ်သော **နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ပေါ်ပေါက်ပါက ပြည်သူလူထုအားကိုယ်စားပြု၍ ကျန်းမာရေးစနစ်အကြား ပေါင်းကူးဆောင်ရွက်ပေးနိုင်**သည်။

သို့မှသာ ၎င်းတို့လုပ်ငန်းခွင်တွင် လူနာအများနှင့်နေ့စဉ်ထိတွေ့နေရသောကြောင့် ကိုဗစ်-၁၉ ကူးစက်နိုင်မှုအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်။ ဆက်လက်ပြီး ၎င်းတို့၏ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဆောင်တာများကို တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ကာကွယ်ဆေးထိုးအပြီး ကိုယ်တိုင်ကာကွယ်ဆေးထိုးနှံခြင်း အတွေ့အကြုံကိုမျှဝေပေးကာ ပြည်သူလူထုမှ တန်ဖိုးထားအားကိုးရသည့် ယုံကြည်စိတ်ချရသောသတင်းအရင်းအမြစ် အဖြစ်ဆောင်ရွက်မည်။

# ၆-၃။ ကိုဗစ်-၁၉ ကာကွယ်ဆေးအပေါ်တွင် ပြည်သူလူထုစိတ်ချယုံကြည်မှုကို မည်ကဲ့သို့တည်ဆောက်နိုင်မည်နည်း

# (၁) ကောင်းမွန်သော ဆက်သွယ်ပြောဆိုခြင်းနည်းလမ်းများ



ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကောင်းမွန်သောဆက်သွယ်ပြောဆိုဆောင်ရွက်ခြင်းဖြင့် ရပ်ကွက်/ကျေးရွာ လူထုများအကြား လေးစားမှုနှင့် ယုံကြည်မှုကို ဖြစ်ပေါ်စေပြီး ရေရှည်ဆက်လက်ထိန်းသိမ်းနိုင်မည်။

- ရပ်ကွက်/ကျေးရွာလူအုပ်စုများ၏ **အတွေ့အကြုံများနှင့် အမြင်ရှုထောင့်များကို ကောင်းစွာ နားလည်သဘောပေါက်စေရန်** မေးခွန်းများမေးမြန်းစူးစမ်း၍ ပြန်လည်နားထောင်ခြင်းပြုလုပ်ပါ။
- ကာကွယ်ဆေးကို **ဘယ်လိုလူအုပ်စုတွေကရရှိမလဲ၊ မည်သည့်ရည်ရွယ်ချက်ကြောင့်ရရှိမလဲနှင့် မည်သည့်နေရာတွင်ရရှိမလဲ**စတဲ့ ရိုးရှင်းပြီးလက်တွေ့ကျသော သတင်းအချက်အလက်များ ပြင်ဆင်ပါ။
- ပြည်သူလူထုမှ **မေးမြန်းလာသည့်မေးခွန်းများနှင့်စိုးရိမ်ပူပန်မှုများကို** ယုံကြည်မှုပိုမိုတည်ဆောက်၍ ကာကွယ်ဆေးနှင့်ပတ်သက်သော ပြည်သူလူထုမှငြင်းဆိုနိုင်မှုများလျှော့ချရန်အတွက် **ကိုယ်ချင်းစာနာစိတ်ဖြင့်တုန့်ပြန်ပြောဆိုပါ။**
- ဒေသအလိုက်စိန်ခေါ်မှုအခက်အခဲများကို လက်ခံအသိအမှတ်ပြု၍ **ဓလေ့ထုံးတမ်းများ နှင့်ယဉ်ကျေးမှုများကို လေးစားသမှုရှိကြောင်း ပြသပါ။**

## ထိရောက်သောဆက်သွယ်ပြောဆိုခြင်းနည်းလမ်းများ

**၁. ဆွေးနွေးမှု မစတင်မီ**
တစ်ဦးချင်းစီကို
သီးသန့်အချိန်ပေးမေးမြန်းရန်
အချိန်ပိုစီစဉ်ထားပါ

**၂. ကာကွယ်ဆေးထိုးနှံရမည့်သူ ရောက်ရှိလာချိန်**
နွေးထွေးစွာကြိုဆိုပြီး
မပျက်မကွက်လာရောက်ခြင်းအတွက်
ချီးကျူးပါ

**၃. ဆွေးနွေးသည့်စုရပ်နေရာတွင်**
ဆေးထိုးမည့်သူများ၏
ထင်မြင်ယူဆချက်များနှင့်
ခံစားချက်များထုတ်ဖော်ပြောဆို
အောင်အားပေးပါ

**၄. ဆွေးနွေးသည့်စုရပ်နေရာတွင်**
ဆေးထိုးမည့်သူများအား
စိတ်ဝင်တစားရှိကြောင်း
လေးစားသမှုရှိကြောင်းပေါ်လွင်အောင်
ပြောကြားသည်များကို နားစိုက်ထောင်ပါ

**၅. ဆွေးနွေးသည့်စုရပ်နေရာတွင်**
ဆေးထိုးမည့်သူများ၏
စိုးရိမ်ပူပန်မှုများကို
ကိုယ်ချင်းစာနာစိတ်ဖြင့်
နားထောင်အသိအမှတ်ပြုပါ

**၆. ဆွေးနွေးသည့်စုရပ်နေရာတွင်**
ပြောကြားဆွေးနွေးသည်များကို
ကာကွယ်ဆေးထိုးမည့်သူက
သေချာနားလည်သဘောပေါက်မှုကို
သေချာစေရန်
မေးခွန်းများမေးမြန်းပေးပါ

**၇. ဆွေးနွေးမှုအပြီးတွင်**
ဆွေးနွေးချက်များကို
အကျဉ်းချုံးရှင်းပြပြီး ကာကွယ်ဆေးကို
မပျက်မကွက်လာရောက်ထိုးနှံရန်
ကတိကဝတ်တောင်းခံပါ

# (၂) ကာကွယ်ဆေးရယူရန်တွန့်ဆုတ်ခြင်းကို သိရှိနားလည်၍ ပြန်လည်တုံ့ပြန်ခြင်း



**ပြည်သူလူထု၏ကာကွယ်ဆေးလက်ခံရယူခြင်းနှင့်ပတ်သက်၍ အောက်ပါအမျိုးအစား(၅)မျိုးကို လေ့လာတွေ့ရှိရပါသည်။**

**ကာကွယ်ဆေးရယူရန်တွန့်ဆုတ်ခြင်း**

| | | | | |
|---|---|---|---|---|
| ကာကွယ်ဆေးအားလုံးကိုလက်ခံခြင်း | ကာကွယ်ဆေးကိုလက်ခံသည်၊ သို့သော်လည်း သေချာခြင်းမရှိပါ။ | အချို့ကာကွယ်ဆေးကိုလက်ခံသည်၊ အချို့ကာကွယ်ဆေးများကို ပုံမှန်ထိုးနှံရန်တွန့်ဆုတ်ခြင်း၊ ငြင်းဆန်ခြင်း | ကာကွယ်ဆေးကို ငြင်းဆန်သည်၊ သို့သော်လည်းမသေချာပါ | ကာကွယ်ဆေးအားလုံးကို ငြင်းဆန်ခြင်း |

**အပြုသဘောဆောင်သော အားပေးတိုက်တွန်းမှုများ ပြုလုပ်ခြင်း-**

o "ကာကွယ်ဆေးကို မပျက်မကွက်လာရောက်ထိုးနှံတာ သိပ်ကောင်းတဲ့လုပ်ရပ်ပဲ၊ ချီးကျူးပါတယ်" စသဖြင့် အားပေးစကားများဆိုနိုင်သည်။

**မရှင်းလင်းသည့်အချက်များနှင့် စိုးရိမ်ပူပန်မှုများကို ကောင်းစွာနားလည်သဘောပေါက်စေရန် ဆွေးနွေးခြင်း-**

O "အဲဒီစိုးရိမ်ပူပန်တဲ့အချက်/ မရှင်းလင်းတဲ့အချက်ကို ဆွေးနွေးပေးချင်ပါတယ်။ ပိုပြီးနားလည်သဘောပေါက်နိုင်ဖို့အတွက် နောက်ထပ်ပိုပြီးပြောပြပေးနိုင်မလား"ဟု ကိုယ်ချင်းစာနာစိတ်ဖြင့် တုံ့ပြန်ဆွေးနွေးပါ။

**ကာကွယ်ဆေးထိုးမည့်သူ၏ စိုးရိမ်ပူပန်မှုများအပေါ်အာရုံစူးစိုက်ပါ-**

o လေးစားမှုကို ပြသပါ၊ ငြင်းခုံကန့်ကွက်ခြင်းမပြုပါနှင့်။ ယုံကြည်စိတ်ချရသည့် အခြားလူများ၊ လူအုပ်စုအဖွဲ့ဝင်များ (ဥပမာ - ကာကွယ်ဆေးထိုးပြီးသူများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဘာသာရေးခေါင်းဆောင်များ စသဖြင့်) ဆီသို့ ဆွေးနွေးအကြံဉာဏ်ယူနိုင်အောင် ညွှန်ပြပေးပါ။

# (၂) ကာကွယ်ဆေးရယူရန်တွန့်ဆုတ်ခြင်းကို သိရှိနားလည်၍ ပြန်လည်တုံ့ပြန်ခြင်း

**ဥပမာများ -**

ကာကွယ်ဆေးထိုးတာ ကျွန်ုပ်အတွက် ကောင်းတယ်ဆိုတာကိုသိပါတယ်။ ဒါပေမယ့် ဘေးထွက်ဆိုးကျိုးတွေကို စိုးရိမ်မိပါတယ်။

→ "သင့်ကျန်းမာရေးအတွက် အကောင်းဆုံးရွေး ချယ်လိုမယ်လို့ နားလည်သဘောပေါက်ပါတယ်။ဘယ်လို ဘေးထွက်ဆိုးကျိုးတွေနဲ့ပတ်သက်ပြီးစိုးရိမ်ပူပန်တာပါလဲ။

ကာကွယ်ဆေးထိုးသင့် မထိုးသင့် မဆုံးဖြတ်တတ်ဘူး။ ရပ်ကွက်/ကျေးရွာခေါင်းဆောင်က ကာကွယ်ဆေး မထိုးရဘူးလို့ ကန့်ကွက်နေတယ်။

→ "ရပ်ကွက်/ကျေးရွာခေါင်းဆောင်က ကာကွယ်ဆေး မထိုးရဘူးလို့ ကန့်ကွက်နေတာဘာ့ကြောင့်ပါလဲ။ ရပ်ကွက်/ကျေးရွာခေါင်းဆောင်က ကန့်ကွက်နေလို့ မထိုးဘဲနေမှာလား။"

ကိုဗစ်-၁၉ ကာကွယ်ဆေးနဲ့ပတ်သက်တဲ့ ကောလာဟလတွေကို အင်တာနက်စာမျက်နှာသတင်း တွေမှာ ဖတ်ရပါတယ်။ ဘယ်သတင်းကို ယုံကြည်ရမလဲဆိုတာ မသိတော့ပါဘူး။

→ "လူမှုကွန်ယက်နဲ့အင်တာနက်စာမျက်နှာတွေဟာ သတင်းအမှားတွေကို တစ်မဟုတ်ချင်း ပျံ့နှံ့လွယ်ပါတယ်။ လူမှုကွန်ယက်မှာတွေ့တိုင်းမယုံကြည်သင့်ပါဘူး။ ကိုဗစ်-၁၉ ကာကွယ်ဆေးနဲ့ပတ်သက်တဲ့ နောက်ဆုံးရသတင်းတွေ ရရှိဖို့ဆိုရင် စိတ်ချယုံကြည်ရတဲ့သတင်းအရင်းအမြစ်ဖြစ်တဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လူမှုကွန်ယက်စာမျက်နှာဖြစ်တဲ့ https://www.facebook.com/MinistryOfHealthAndSportsMyanmar မှာသွားရောက်ဖတ်ရှုပါ။ မသေချာတာတွေ၊ မေးခွန်းတွေမေးချင်တာရှိရင်လည်း မေးပါ၊ သိသလောက်ဖြေကြားပေးပါမယ်။"

# (၃) ကိုဗစ်-၁၉ကာကွယ်ဆေးနှင့်ပတ်သက်သောသတင်းစကားများကို လိုအပ်ချက်နှင့်အံဝင် ခွင်ကျဖြစ်စေရန် မည်ကဲ့သို့ပြင်ဆင်ပြောဆိုမည်နည်း။

ဦးစားပေးအုပ်စုများကို ဦးစားပေးရွေးချယ်ရသည့်အကြောင်းရင်းများကို ဆွေးနွေးပြောကြားပေးခြင်းဖြင့် ကာကွယ်ဆေးအပေါ် ယုံကြည်ကိုးစားမှုပိုလာစေနိုင်သည်။

WHO SAGE roadmap: https://www.who.int/docs/default-source/immunization/sage/covid/sage-prioritization-roadmap-covid19-vaccines.pdf

| ကိုဗစ်-၁၉ရောဂါကူးစက်နိုင်ချေ အန္တရာယ်ပိုမိုများသော လူအုပ်စုများ | အကြံပြုသည့်အဓိကသတင်းစကားများ |
| --- | --- |
| ကျန်းမာရေးဝန်ထမ်းများ | ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ကျန်းမာရေးဝန်ထမ်းများကို လုပ်ငန်းတာဝန်များလုပ်ကိုင်ဆောင်ရွက်နေစဉ်အတွင်း ရောဂါကူးစက်ခံရမှုမှကာကွယ်တားဆီးပေးနိုင်မည်ဖြစ်သည်။ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် သင်ပြုစုကုသပေးရသည့် လူနာများ၊ သင့်မိသားစုဝင်များ၊ အိမ်နီးနားချင်းများနှင့် ပတ်ဝန်းကျင်ရှိပြည်သူလူထုကို ရောဂါကူးစက်နိုင်မှုအန္တရာယ်မှလျှော့ချပေးနိုင်မည်ဖြစ်သည်။ ကိုယ်ကိုယ်တိုင်လည်း ကျန်းမာရေးဝန်ဆောင်မှုများကို ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ |
| သက်ကြီးရွယ်အိုများနှင့် အသက်ကြီးသောပုဂ္ဂိုလ်များ | ကိုဗစ်-၁၉ရောဂါသည် အသက်အရွယ်ကြီးသူများကို ကူးစက်ပါက ရောဂါပိုမိုဆိုးရွားစေနိုင်ပြီး အသက်အန္တရာယ်ရှိနိုင်သည်။ ကိုဗစ်-၁၉ကာကွယ်ဆေးထိုးထားပါက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ပြင်းထန်စွာနာမကျန်းဖြစ်ခြင်းများမှ ကာကွယ်ပေးနိုင်လိမ့်မည်ဖြစ်သည်။ |

# (၃) ကိုဗစ်-၁၉ကာကွယ်ဆေးနှင့်ပတ်သက်သောသတင်းစကားများကို လိုအပ်ချက်နှင့်အံ့ဝင် ခွင်ကျဖြစ်စေရန် မည်ကဲ့သို့ပြင်ဆင်ပြောဆိုမည်နည်း။

ဦးစားပေးအုပ်စုများကို ဦးစားပေးရွေးချယ်ရသည့်အကြောင်းရင်းများကို ဆွေးနွေးပြောကြားပေးခြင်းဖြင့် ကာကွယ်ဆေးအပေါ် ယုံကြည်ကိုးစားမှုပိုလာစေနိုင်သည်။

WHO SAGE roadmap: https://www.who.int/docs/default-source/immunization/sage/covid/sage-prioritization-roadmap-covid19-vaccines.pdf

| ကိုဗစ်-၁၉ရောဂါကူးစက်နိုင်ချေ အန္တရာယ်ပိုမိုများသော လူအုပ်စုများ | အကြံပြုသည့်အဓိကသတင်းစကားများ |
|---|---|
| **နာတာရှည်ရောဂါရှိသူများ** | ကိုဗစ်-၁၉ရောဂါသည် နာတာရှည်ရောဂါရှိသူများကို ကူးစက်ပါက ရောဂါပိုမိုဆိုးရွားစေနိုင်ပြီး အသက်အန္တရာယ်ရှိနိုင်သည်။ ကိုဗစ်-၁၉ကာကွယ်ဆေးထိုးထားပါက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ပြင်းထန်စွာနာမကျန်းဖြစ်ခြင်းများမှ ကာကွယ်ပေးနိုင်လိမ့်မည်ဖြစ်သည်။ |
| **အခြားအရေးကြီး ဝန်ဆောင်မှုပေးရသည့် ဝန်ထမ်းများ** (ဥပမာ- ကျောင်းဆရာ/ဆရာမများ၊ ကုန်တင်ယာဉ်မောင်းများ၊စားနပ်ရိက္ခာရရှိအောင်ဝန်ဆောင်မှုပေးသူများ၊ သန့်ရှင်းရေးဝန်ထမ်းများစသည်ဖြင့်) | အခြားအရေးကြီး ဝန်ဆောင်မှုပေးရသည့်ဝန်ထမ်းများသည် နေ့စဉ်ပုံမှန်လုပ်ငန်းများတွင် အခြားလူအများနှင့် မလွှဲမရှောင်သာ ထိတွေ့ဆက်ဆံနေရမည်ဖြစ်သဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် လုပ်ငန်းတာဝန်များကို လုပ်ကိုင်ဆောင်ရွက်နေစဉ်အတွင်း ကိုဗစ်-၁၉ရောဂါထိတွေ့ကူးစက်နိုင်မှုအန္တရာယ်မှ ကာကွယ်တားဆီးပေးနိုင်လိမ့်မည်ဖြစ်ပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ |

# (၄) ဆက်သွယ်ပြောဆိုခြင်းနည်းဗျူဟာများ



ရပ်ကွက်/ကျေးရွာရှိလူထုနှင့်
ဆက်သွယ်ပြောဆိုခြင်းနည်းဗျူဟာများကို
လေ့ကျင့်နိုင်ရန်အတွက်
ဇာတ်လမ်းဥပမာ(၃)မျိုးဖြင့်
ဖော်ပြပြင်ဆင်ထားပါသည်။

## ဥပမာ (၁) - ကိုဗစ်-၁၉ရောဂါကူးစက်နိုင်ချေ အန္တရာယ်ပိုမိုများသောလူအုပ်စုများ

မဝင်းသည် အသက်(၃၈)နှစ်ရှိပြီး
သူမ၏လသားအရွယ်ကလေးအတွက်
ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်
ကျန်းမာရေးဌာနတွင်ရောက်ရှိနေပါသည်။ သူမသည်
အဝလွန်သူ တစ်ဦးဖြစ်ပြီး
ဆီးချိုရောဂါခံစားနေရသူလည်းဖြစ်ပါသည်။
သူမသည် ကိုဗစ်-၁၉ကာကွယ် ဆေးနှင့်စပ်လျဉ်း၍
မေးမြန်းစုံစမ်းခြင်း၊ ထိုးလိုကြောင်းပြောကြားခြင်း
တစ်စုံတစ်ရာမပြုပါ။

# မဝင်းသည် ကိုဗစ်-၁၉ကာကွယ်ဆေးထိုးပေးရန်အတွက် ဦးစားပေးအုပ်စုထဲဝင်သောသူတစ်ဦး ဖြစ်ပါသလား? မဝင်းကဲ့သို့သောလူအုပ်စုမျိုးကို ကျန်းမာရေးဝန်ထမ်းတစ်ဦးအနေနှင့် သင်ဘာပြောမလဲ?

- အဝလွန်ပြီး ဆီးချိုရောဂါခံစားနေရသောသူဖြစ်သောကြောင့် ကိုဗစ်-၁၉ရောဂါကူးစက်နိုင်ချေ အန္တရာယ်ပိုမိုများသောလူအုပ်စုထဲတွင်ပါဝင်ပါတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ကာကွယ်ဆေးအရေအတွက်ရရှိတဲ့အပေါ်မူတည်ပြီးတော့ ဦးစားပေးရွေးချယ်တဲ့အခါမှာ သူမအလှည့်ကိုရောက်ဖို့အတွက် စောင့်ဆိုင်းရမယ်။ မြန်မာနိုင်ငံမှာ ရောဂါအခံရှိတာနဲ့ ပတ်သက်ပြီးရောဂါမှတ်တမ်းအတိအကျရရှိရန်အခက်အခဲတွေရှိနေသေးတာကြောင့် ကာကွယ်ဆေးထိုးဖို့ ကိုယ့်အလှည့်ရောက်ရန် စောင့်ဆိုင်းရဦးမှာဖြစ်တယ်။
- ပိုပြီးအသက်အန္တရာယ်ရှိတဲ့လူအုပ်စုတွေ (အသက်အရွယ်ကြီးတဲ့သူတွေ)စတဲ့ လူအုပ်စုတွေကို ပထမဦးစားပေးအနေနဲ့ ထိုးနှံပေးမှာဖြစ်တယ်။
- ကာကွယ်ဆေးမထိုးနိုင်သေးခင်ကာလမှာတော့ ကိုယ်ကအန္တရာယ်ရှိတဲ့လူအုပ်စုထဲပါတာကြောင့် အခြားလူများထက်ကို ပိုပြီး ကိုဗစ်-၁၉ကာကွယ်ရေးနည်းလမ်းများကို လိုက်နာရမှာဖြစ်ပါတယ်။
- အကယ်လို့ ကာကွယ်ဆေးထိုးရမယ့်လူအုပ်စုစာရင်းထဲပါဝင်ပြီဆိုရင်တော့ ကာကွယ်ဆေးထိုးနိုင်ဖို့ ကြိုတင်အသိပေးအကြောင်းကြားသွားပါမယ်။

# (၄) ဆက်သွယ်ပြောဆိုခြင်းနည်းဗျူဟာများ



**ဥပမာ (၂) - သတင်းအမှားများကြောင့် ကာကွယ်ဆေးထိုးရန်တွန့်ဆုတ်နေသူများ**



မယုသည် အသက်(၂၅)နှစ်ရှိပြီး ကိုဗစ်-၁၉ကူးစက်နိုင်သည့်အန္တရာယ်မြင့်မားသောနယ်မြေဒေသတွင် သူနာပြုအကူအဖြစ်တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ သူမသည် ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိမည့်ဦးစားပေးအုပ်စုတွင်ပါဝင်သော်လည်း ထိုးနှံရန်ငြင်းဆိုခဲ့သည်။ မေးမြန်းခဲ့သောအခါ မယုက "၎င်းကာကွယ်ဆေးက ဆေးမတည့်တာတွေ ဖြစ်စေနိုင်တယ်လို့ ကျွန်မဖတ်ရှုရပါတယ်။ အဲဒီအချက်က မှန်ပါသလား။ ကာကွယ်ဆေးက စိတ်ချယုံကြည်ရရဲ့လား။"

# မယုသည် ကိုဗစ်-၁၉ကာကွယ်ဆေးထိုးပေးရန်အတွက် ဦးစားပေးအုပ်စုထဲဝင်သောသူတစ်ဦး ဖြစ်ပါသလား? မယုကဲ့သို့သောလူမျိုးကို ကျန်းမာရေးဝန်ထမ်းတစ်ဦးအနေနဲ့ သင်ဘာပြောမလဲ?



- မယုသည် ကိုဗစ်-၁၉ကာကွယ်ဆေးထိုးပေးရန်အတွက် ဦးစားပေးအုပ်စုထဲတွင်ပါဝင်သောသူတစ်ဦး ဖြစ်ပါတယ်။
- သတင်းအမှား ဘယ်ကရရှိသလဲဆိုတာကို မေးမြန်းဖော်ထုတ်ပါ။ ထို့နောက် ၎င်းကို ကာကွယ်ဆေးထိုးခြင်း၏ အရေးကြီးခြင်းနှင့် လိုအပ်ချက်ကို နားလည်သဘောပေါက်အောင် ရှင်းပြပြောဆိုပါ။
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်း၏ အကျိုးကျေးဇူးများနှင့် နောက်ဆက်တွဲဖြစ်လာနိုင်သည့်အန္တရာယ်များကို ရှင်းလင်းပြောပြပါ။ ကာကွယ်ဆေးနှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက်များနှင့် ကာကွယ်ဆေးထိုးလိုသည့်အခြေအနေများကို မေးမြန်းပြီး ကိုယ်ချင်းစာနာစိတ်ဖြင့် နားထောင်ပါ၊ တုံ့ပြန်ဖြေကြားပါ။
- အကယ်၍ ကာယကံရှင်၏ သဘောတူညီလက်ခံချက်ရရှိပြီး နောက်ထပ်မေးစရာမေးခွန်းများ(သို့မဟုတ်)စိုးရိမ်ပူပန်မနေသည့်အချက်များ မရှိတော့ပါက ကာကွယ်ဆေးထိုးနှံနိုင်ပြီဖြစ်သည်။
- အကယ်၍ထိုသူက ဆက်လက်ကာ ကာကွယ်ဆေးထိုးရန်တွန့်ဆုတ်နေခဲ့လျှင် ၎င်း၏စိတ်ခံစားချက်ကို လေးစားသမှုပြသပြီး ကာကွယ်ဆေးနှင့်ပါတ်သက်ပြီး အဓိကသိထားသင့်သည့် အချက်များကို ပြောပြပြီး ကာကွယ်ဆေးထိုးဖို့ အချိန်ပေးစဉ်းစားရန် အားပေးတိုက်တွန်းပါ။

# (၄) ဆက်သွယ်ပြောဆိုခြင်းနည်းဗျူဟာများ



## ဥပမာ (၃) - ဦးစားပေးအုပ်စုတွင် မပါဝင်သောသူများ

မနီလာသည်
အသက်(၂၈)နှစ်အရွယ်အမျိုးသမီးဖြစ်ပြီး
သူမ၏ကလေးငယ်ကို ကျန်းမာရေး စစ်ဆေးပေးရန်
ခေါ်ဆောင်လာသည်။
ကလေးငယ်ကိုကျန်းမာရေးစောင့်ရှောက်မှုခံယူရင်း
သူမအတွက်လည်း ကိုဗစ်-၁၉
ကာကွယ်ဆေးရယူလိုကြောင်း ပြောကြားပါသည်။

# မနီလာသည် ကိုဗစ်-၁၉ကာကွယ်ဆေးရရန်အတွက် ဦးစားပေးလူအုပ်စုထဲ ပါပါသလား။ မနီလာကဲ့သို့သောလူမျိုးကို ကျန်းမာရေးဝန်ထမ်းတစ်ဦးအနေနဲ့ ဘယ်လိုပြောသင့်သလဲ?



- မနီလာသည် ကိုဗစ်-၁၉ကာကွယ်ဆေးရရန်အတွက် ဦးစားပေးလူအုပ်စုထဲ မပါဝင်ပါ။
- သူမကိုယ်တိုင်နှင့် သူမမိသားစုကို ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်အတွက် စိတ်ဝင်စားမှုရှိသည့်အတွက် အသိအမှတ်ပြုကြောင်းနှင့် ကြိုဆိုကျေးဇူးတင်ကြောင်းပြောကြားပါ။
- လက်ရှိလမ်းညွှန်ချက်များတွင် သူမကဲ့သို့သော လူအုပ်စုသည် ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိသင့်သည့်ဦးစားပေးလူအုပ်စုများထဲတွင် မပါဝင်ကြောင်း ရှင်းလင်းပြောပြပါ။ သူမကာကွယ်ဆေးမရရှိသော်လည်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်ရှိသည့် အသက်အရွယ်ကြီးသူများကို ဦးစားပေးလိုက်ရသည့်အတွက် ဝမ်းမြောက်သင့်ကြောင်းပြောပါ။
- သင်က ကိုဗစ်-၁၉ရောဂါကူးစက်ခံရနိုင်သော်လည်း ရောဂါဆိုးရွားပြင်းထန်နိုင်သည့် လူအုပ်စုထဲတွင် မပါသောကြောင့် ကာကွယ်ဆေးအကန့်အသတ်သာရသေးသည့်အချိန်တွင် ယခုကာကွယ်ဆေးထိုးသည့်စာရင်းထဲတွင် မပါဝင်သေးတာဖြစ်သည်။
- သို့သော်လည်း ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးနည်းလမ်းများနှင့်ပတ်သက်၍ သေချာစွာလိုက်နာရ အသိပေးပြောကြားပါ။
- အကယ်၍ နောက်ထပ်ကာကွယ်ဆေးများရလာပါက မိမိအလှည့်ရောက်လာမှာပါဟု ပြောပြပါ။

## ၆-၄။ အရေးကြီးအခြေအနေကိစ္စရပ်များကိုဆက်သွယ်ပြောကြားခြင်းနှင့် ကာကွယ်ဆေးထိုးပြီးနောက်ဆက်တွဲကျန်းမာရေးပြဿနာများ (AEFI)တွင် ကျန်းမာရေးဝန်ထမ်းများ၏အခန်းကဏ္ဍ

- သင်၏နယ်မြေဒေသအတွက် မည်သူကကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်ပတ်သက်သည့် AEFIဖြစ်ပွားမှုတွင် **အဓိကတာဝန်ခံဆောင်ရွက်သူ(AEFI focal point)** ဖြစ်သည်ကို သိရှိထားအောင်လုပ်ပါ။
- ပြည်သူလူထုများကို **ကိုဗစ်-၁၉ ရောဂါမှကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း**ကို သေချာစွာသိအောင် ရှင်းပြပြောဆိုပါ။
    - ကာကွယ်ဆေးထိုးနှံပေးရသည့်အကြောင်းရင်းများ၊ ကာကွယ်ဆေးထိုးခြင်း၏အကျိုးကျေးဇူးများ၊ ကာကွယ်ဆေး၏ဘေးကင်းစိတ်ချရမှု၊ သာမန်ဘေးထွက်ဆိုးကျိုးများနှင့် ဘေးထွက်ဆိုးကျိုးများဖြစ်လျှင် မည်သို့ပြုစုကုသရမည်များကို အသေးစိတ်ရှင်းပြပါ။

## ၆-၄။ အရေးကြီးအခြေအနေကိစ္စရပ်များကိုဆက်သွယ်ပြောကြားခြင်းနှင့် ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲကျန်းမာရေးပြဿနာများ (AEFI)တွင် ကျန်းမာရေးဝန်ထမ်းများ၏အခန်းကဏ္ဍ

အကယ်၍ မကြာသေးမီက ကာကွယ်ဆေးထိုးခဲ့သောလူတစ်ဦးသည် **ကာကွယ်ဆေးထိုးပြီးနောက်ပိုင်းတွင် အပြင်းအထန်နေမကောင်းသောအခြေအနေသို့ ရောက်ရှိ**သွားခဲ့လျှင်

- **ချက်ချင်းနှောင့်နှေးခြင်းမရှိဘဲ ပြုစုကုသမှုဆောင်ရွက်ပါ။** လိုအပ်ပါက သင့်လျော်သောကျန်းမာရေးဌာနသို့ **အမြန်ညွှန်းပို့ပါ။**
- သင်၏ကြီးကြပ်သူနှင့်/သို့မဟုတ် AEFI focal pointထံ ချက်ချင်း တစ်ပြိုင်နက် (တယ်လီဖုန်းဖြင့်) **အကြောင်းကြားပါ။**
- ဖြစ်စဥ်၏(၂၄)နာရီအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး **AEFI သတင်းပို့ပုံစံ**ကို ပြည့်စုံစွာဖြည့်စွက်ပါ။

## ၆-၄။ အရေးကြီးအခြေအနေကိစ္စရပ်များကိုဆက်သွယ်ပြောကြားခြင်းနှင့် ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲကျန်းမာရေးပြဿနာများ (AEFI)တွင် ကျန်းမာရေးဝန်ထမ်းများ၏အခန်းကဏ္ဍ

ကာကွယ်ဆေးထိုးသူတစ်ဦးအနေဖြင့် အကယ်၍သတင်းမီဒီယာများက သင့်ကိုချဉ်းကပ်ခဲ့လျှင်

- ကာကွယ်ဆေးထိုးပြီးနောက်တွင်ပြင်းထန်သောနေမကောင်းဖြစ်မှုနှင့်ပတ်သက်၍ **အတိအကျမသိရှိသဖြင့် ပြောကြားခြင်း မပြုသင့်ပါ။**
- မသေချာသေးသောအခြေအနေဖြစ်သဖြင့် မပြောကြားနိုင်သေးသည့်အနေအထားကို **သတင်းမီဒီယာများကို ပွင့်လင်းစွာပြောပြပါ။**
- AEFI ဖြစ်ပွားမှု လက်ရှိနောက်ဆုံးအခြေအနေနှင့် ဆက်လက် လုပ်ဆောင်ရန်လိုအပ်မှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုသိရှိသော **AEFI focal point ထံသို့ သတင်းမီဒီယာများကဆက်သွယ်ရန် ညွှန်းပေးပါ။**

## ၆-၄။ အရေးကြီးအခြေအနေကိစ္စရပ်များကိုဆက်သွယ်ပြောကြားခြင်းနှင့် ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲကျန်းမာရေးပြဿနာများ (AEFI)တွင် ကျန်းမာရေးဝန်ထမ်းများ၏အခန်းကဏ္ဍ

ပြည်သူလူထုနှင့်ဆက်သွယ်ပြောဆိုခြင်း-

- **သက်ဆိုင်ရာ အစိုးရအဖွဲ့မှ စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း** ပြောပြပါ။
- **AEFI ဖြစ်ပွားခံစားရသူ၏ မိသားစုဝင်များနှင့် ရပ်ကွက်/ကျေးရွာမှလူများကို စာနာကြောင်း** ပြသပါ။
- **မသေချာသောသတင်းအချက်အလက်များကို လုံးဝ မပေးပါ**နှင့်။
- သင်အနေဖြင့် **သတ်မှတ်ထားသည့်နေ့ရက်/အချိန်**တွင် **နောက်ဆက်တွဲသတင်းအချက်အလက်များကိုမျှဝေပေးမည်ဖြစ်ကြောင်း** ၎င်းတို့ကိုပြောပြပါ။
- အကယ်၍ ယင်းအချိန်တွင် နောက်ထပ်သတင်းအချက်အလက်များ မရရှိနိုင်ခဲ့လျှင် လက်ရှိအနေအထားကိုရှင်းလင်းပြောပြပြီး ၎င်းတို့ကို **နောက်ထပ်အချိန်အသစ်တွင် ချိန်းဆိုပြောပြနိုင်ရန်စီစဥ်**ပေးပါ။

(AEFI နှင့်ပတ်သက်၍ နောက်ထပ်သတင်းအချက်အလက်များအတွက် သင်ရိုး၅ - ကိုဗစ်-၁၉ ကာကွယ်ဆေး AEFI ဖြစ်ပွားမှုစောင့်ကြည့်စစ်ဆေးခြင်း အခန်းကို ရည်ညွှန်းကိုးကားပါ။)

## ၆-၅။ ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်ပတ်သက်၍ လိုက်နာကျင့်သုံးပြီး ဆက်သွယ်ပြောကြားရမည့် အဓိကအချက်များ

- ကျန်းမာရေးဝန်ထမ်းများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းတွင် **ကာကွယ်ဆေးကို လက်ခံရရှိမည့်သူများ၊ ကာကွယ်ဆေးထိုးပေးမည့်သူများ၊ ကျန်းမာရေးအသိပညာပေးမည့်သူများ၊ လူထုမှ ယုံကြည်အားထားရသော စည်းရုံးအားပေးနိုင်သောသူများနှင့် AEFI ဖြစ်ပွားပြီးနောက်ပိုင်းတွင် ပြည်သူလူထုကိုယ်စားပြုသောသူများ** စသည့်အရေးကြီးသော အခန်းကဏ္ဍများမှ တာဝန်ယူဆောင်ရွက်နေကြသူများဖြစ်ကြပါသည်။
- ပြည်သူလူထု၏ အခက်အခဲများနှင့်စိုးရိမ်ပူပန်မှုများကို ပိုမိုနားလည်တုံ့ပြန်ဖြေရှင်းနိုင်စေရန် **ကျန်းမာရေးဝန်ထမ်းများကိုယ်တိုင် ပြည်သူလူထုများ၏နေရာတွင် ဝင်ရောက်မျှဝေခံစားကာ ကိုယ်ချင်းစာနာစိတ်ဖြင့် ဖြေရှင်း**ပေးရမည်။
- ကိုဗစ်-၁၉ ကာကွယ်ဆေးအပေါ် **ပြည်သူလူထု၏ ယုံကြည်စိတ်ချရမှုနှင့်လိုလားစွာရယူလိုမှုကိုမြှင့်တင်နိုင်စေရန် ပြည်သူလူထုများကို ဂရုစိုက်မှုနှင့် လေးစားသမှုဖြင့် ဆက်ဆံပြောဆို**ပါ။

# ၆-၅။ ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်ပတ်သက်၍ လိုက်နာကျင့်သုံးပြီး ဆက်သွယ်ပြောကြားရမည့် အဓိကအချက်များ

- လုပ်ငန်းဆက်သွယ်ပြောဆိုခြင်းနည်းဗျူဟာများနှင့် **အဓိကသတင်းစကားများကို** ရပ်ကွက်/ကျေးရွာလူအများ၏ ကိုဗစ်-၁၉ရောဂါအန္တရာယ်ပိုမိုများသောလူအုပ်စုများနှင့် ကာကွယ်ဆေးရယူလိုသည့်လိုလားမှုအဆင့်အလိုက် **သင့်လျော်အောင် စီမံပြင်ဆင်ပါ။**
- AEFI ဖြစ်ပွားမှုနှင့်ပတ်သက်၍**သတင်းမီဒီယာများကို** သင်၏နယ်မြေဒေသရှိ **AEFI focal point ဆီသို့ တိုက်ရိုက်ဆက်သွယ်ရန် လမ်းညွှန်ပေးပါ။** AEFI ဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြည်သူလူထုကို စောစီးစွာနှင့် ရိုးသားစွာဆက်သွယ်ပြောဆိုပါ။ နောက်ဆုံးအခြေအနေ သတင်းအချက်အလက်များကို မည်သည့်အချိန်တွင် မျှဝေပေးနိုင်မည်ကို ရှင်းပြပြောဆိုပါ။

# Resources: Global guidance on vaccine demand and communication



- Health Worker Communication for COVID-19 Vaccination Job Aids COMING SOON
- COVID-19 vaccine country readiness and delivery webpage
  https://www.who.int/initiatives/act-accelerator/covax/covid-19-vaccine-country-readiness-and-delivery
- Guidance on developing a national deployment and vaccination plan for COVID-19 vaccines
  https://www.who.int/publications/i/item/WHO-2019-nCoV-Vaccine_deployment-2020.1 NEW
- Interpersonal communication for immunization: transforming immunization dialogue
  https://ipc.unicef.org/node/36
- Demand for health services field guide: a human-centred approach
  https://www.unicef.org/innovation/reports/demand-health-services
- The guide to tailoring immunization programmes
  https://www.euro.who.int/en/health-topics/communicable-diseases/poliomyelitis/publications/2013/2013-guide-to-tailoring-immunization-programmes
- For COVID-19 vaccine AEFI reporting and COVID-19 AEFI investigation form, refer to the COVID-19 Vaccine Safety Guidance Manual COMING SOON